ကွင်းဘောကျေးရွာ

ဒေါင့်ကွေးကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


ကွင်းဘောကျေးရွာနှင့်သယ်ဆောင်ပြေးလမ်း
N
W
E
S
အညွှန်း
အုပ်ချုပ်ရေးမှူးရုံး
စေတီဘုရား၊ဘုန်းကြီးကျောင်း
ကျေးလက်ဆေးခန်း
ရေတွင်း
အ.လ.က ကျောင်း
အိမ်ခြေများ
ဥယျာဉ်များ
လယ်ကွင်းများ
အိပ်ခဲတံတား
ရေဆွဲကန်ပေါက်
မြစ်
လမ်း
ကောလုံးကွင်း
ရေးဆွဲသူ
ဦးတင်အုန်း
ဦးသိန်းလွင်

Venn Diagram



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	အလွန်အေး	နေပူ	နေပူပြင်း	နေပူလွေ့	မိုးရွာ	မိုးများ	မိုးများ	မိုးနည်း	မိုးနည်း	အေး	အေး
အလုပ်အကိုင်	များ	နည်း	မရှိ	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း
လက်လုပ်လက်စားမိသားစု များ ဝင်ငွေရရှိမှု (မရှိ/နည်း/များ)	များ	နည်း	မရှိ	မရှိ	မရှိ	များ	နည်း	နည်း	မရှိ	မရှိ	နည်း	နည်း
အသုံးစရိတ်	နည်း	နည်း	နည်း	များ	နည်း	များ	နည်း	နည်း	နည်း	နည်း	များ	နည်း
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	နည်း	နည်း	များ	နည်း	များ	များ	များ	နည်း
ဝမ်းစာ ဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	ရှိ	ရှိ	ရှိ	မရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	ဝက်နားရွက်ပြာ	ကြက်နာ	နွားခွာနာ လျှာနာ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	တုတ်ကွေး	ကောင်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	ပဲပြပိုး	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	စပါး လောင်မီး	မရှိ	မရှိ	မရှိ	မရှိ
ပွဲတော်	-	-	-	သင်္ကြန်	ညောင်ေ	-	-	-	-	မီးထွန်းပွဲ	ကထိန်	-

					သွန်းပွဲ							
သဘာဝဘေးအန္တရာယ်	-	-	-	-	လေပြင်းတိုက်ခတ်	-	-	ရေကြီး	-	-	-	အအေးလွန်ကဲ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကွင်းဘောကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ဒေါင့်ကွေးကျေးရွာ အုပ်စုတွင် တည်ရှိသည်။ ကျောင်းကုန်းမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာနှင့် ဒေါင့်ကြီး ကျေးရွာ၏အရှေ့ဘက် ၅မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကွင်းဘောရွာ၏ အရှေ့ဘက်တွင် ကျွန်းချောင်းရွာ၊ တောင်ဘက်တွင် သရက်ပင်ကြီးရွာနှင့်အနောက်ဘက်တွင် တောညီကျေးရွာတို့ တည်ရှိပါသည်။ ရွာ၏ မြောက်ဘက်တွင် ဒါးကမြစ်တည်ရှိ၍ ပုသိမ်-ရန်ကုန် ကားလမ်းမကြီးနှင့်အလွန်ကွာဝေးပါသည်။ ရေခလုတ်-ဒေါင့်ကြီး ကျောက်ကြမ်းလမ်းနှင့်လည်း မိုင်ခွဲခန့် ကွာဝေးပါသည်။ မြေနိမ့်အရပ်တွင်ရှိပြီး မြေပြန့်ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုသင့်တင့်မျှတပါသည်။ အပူချိန်မှာ(၃၂°C)ရှိပါသည်။ တစ်နှစ်ပတ်လုံးမိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ကြားတွင်ရှိပါသည်။ ဧပြီလအကုန်မေလလဆန်းပိုင်းတွင် မိုးစတင်ရွာ၍ ဇွန်လတွင် မိုးမှန်ပါသည်။ စက်တင်ဘာလကုန်အထိ မိုးဆက်လက်ရွာသွန်းပါသည်။ ဒီဇင်ဘာလတွင် အအေးလွန်ကဲပြီး ဧပြီလတွင် အပူ လွန်ကဲပါသည်။ သြဂုတ်၊ စက်တင်ဘာလများတွင် တစ်ခါတစ်ရံရေကြီးတတ်ပါသည်။ ကျေးရွာတွင် လယ်ဧက (၃၁၈.၅၆) နှင့် ဥယျာဉ်ခြံမြေ (၄၁)ဧက ရှိပါသည်။ မြေအသင့်အတင့်ကောင်းမွန်ပါသည်။ သဲ၊ ကျောက်၊ သယံဇာတများ မထွက်ရှိပါ။ အချို့တောင်သူများမှာ ကွမ်း၊ နန္နင်းများစိုက်ပျိုးကြ၍ ရာသီကုန်သီးနှံများ ဖြစ်ကြသော သခွား၊ ဖရုံ၊ ရုံးပတီ၊ ကန်စွန်းဥတို့ကိုလည်း စိုက်ပျိုးကြပါသည်။ စားကျက်မြေ (၄.၅)ဧက ရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်းတွင် ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ မြတ်ပီတိလူမှုကူညီရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ဖြစ်ကြပါသည်။ ပရဟိတအကျိုးဆောင်ရွက်သော အဖွဲ့များမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက် ဆောင်ရွက်မှု အားကောင်းပါသည်။ ကျေးရွာရှိအရန်မီးသတ်တပ်ဖွဲ့မှာ နွေရာသီအခါကာလများတွင် မီးဘေး ကြုံတင်ကာကွယ်မှုများ ပြုလုပ်ကြပါသည်။ ကျေးရွာပြင်ပမှ အထောက်အကူပေးနေသောအဖွဲ့အစည်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဖြစ်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်ပါသည်။ စိုက်ကေအများစုမှာ မိုးရေကိုသာ အဓိကအသုံးပြုကြပါသည်။ ဒုတိယဝင်ငွေအများဆုံးလုပ်ငန်းမှာ ဆောင်းသီးနှံနှင့် ကွမ်းစိုက်ပျိုး ခြင်းတို့ ဖြစ်ကြပါသည်။ တတိယဝင်ငွေရ လုပ်ငန်းမှာ နေ့စားလုပ်ခြင်း၊ ရာသီကုန်သီးနှံစိုက်ပျိုးခြင်းနှင့် ၄င်း သီးနှံများအား ခေါင်းရွက်ဗျက်ထိုးရောင်းချခြင်းတို့ပင်ဖြစ်ကြပါသည်။ အိမ်များတွင် တစ်ပိုင်တစ်နိုင် ဝက်၊ ကြက် မွေးမြူကြပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်လည်းရှိပါသည်။ အုတ်ဖုတ် လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ ကျောင်းဆရာ/မ၊ ဝန်ထမ်းအနည်းငယ်လည်းရှိပါသည်။ အိမ်ထောင်စုအလိုက်ဥစ္စာဓနအဆင့် သတ်မှတ်ချက်အရ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၀)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)စု၊ အဆင်မပြေသောအိမ်ထောင်စု (၂၉)စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု(၉၆)စုရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာရှိ လမ်းအများစုမှာ မြေသားလမ်းများဖြစ်ကြပါသည်။ ရွာချင်းဆက်လမ်းမှာလည်း မြေသား လမ်းဖြစ်ပါသည်။ မြေသားလမ်းဖြစ်သောကြောင့်မိုးတွင်းအခါ ရွံ့နွံထူထပ်ခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်လေ့ ရှိနေသဖြင့် မိုးရာသီရောက်လျှင် ကုန်းလမ်းခရီးမှာ သွားလာရန် အခက်အခဲများစွာတွေ့ရပါသည်။ ရေလမ်းခရီး ဖြင့်သာ သွားလာရပါသည်။ ကျေးရွာအလယ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိပါသည်။ အလယ်တန်းကျောင်း ရှိပြီး (၉၀'x ၃၀')တစ်ဆောင်၊ (၆၀'x ၃၀')တစ်ဆောင် စုစုပေါင်းကျောင်းဆောင်နှစ်ဆောင်ရှိပါသည်။

လျှပ်စစ်မီးလုံးဝမရရှိသေးပါ။ လျှပ်စစ်မီးမရရှိသဖြင့် ကျေးရွာ၏ လူမှုစီးပွားအခြေအနေများတွင် ဖွံ့ဖြိုးမှု နှေးကွေးနေပါသေးသည်။ ဆက်သွယ်ရေးအနေဖြင့် ဖုန်းလိုင်းများအသင့်အတင့်ကောင်းမွန်ပြီး အင်တာနက်ချိတ်ဆက်အသုံးပြုမှုများ ရှိနေပါသည်။ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များ၊ ရာသီဥတု သတင်းများကို အချိန်နှင့်တပြေးညီသိရှိနေရသဖြင့် အကျိုးကျေးဇူးများစွာရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာနှင့် မြတ်ကျွန်းသာတို့မှလည်း ငွေကြေး ဝန်ဆောင်မှုအနေဖြင့် အရစ် ကျငွေထုတ်ပေးချေစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူလယ်သမားများ အတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင်(၅၀၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။

(င) ပညာရေး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကွင်းဘောကျေးရွာတွင် အလယ်တန်းကျောင်းရှိ၍ အခြေခံပညာတတ်မြောက်သူ အတန်အသင့် များပြားပါသည်။ ရွာသူရွာသားအားလုံးနီးပါး စာရေးစာဖတ်တတ်ကြပါသည်။ ကျေးရွာတွင် မူလတန်းပညာ ပြီးမြောက်သူ (၂၃၇)ဦး၊ အလယ်တန်းပညာပြီးမြောက်သူ (၄၃)ဦး၊ အထက်တန်းပညာပြီးမြောက်သူ (၃၄)ဦးနှင့် ဘွဲ့ရရှိပြီးသူ (၁၃)ဦး ရှိပါသည်။ လက်ရှိအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေဆဲဖြစ်သော ကျောင်းသား/သူ (၂၉၁)ဦး ရှိပါသည်။ အလယ်တန်းကျောင်းသို့ ကျေးရွာတွင်းရှိကလေးများသာမက အနီး ပတ်ဝန်းကျင် ကျေးရွာများမှာ ကလေးများလည်း ကျောင်းလာတက်ကြပါသည်။ ကျောင်းတွင် ဆရာ/မ (၁၁)ဦး ရှိပြီး အထွေထွေကျောင်းလုပ်သားများ ခန့်ထားခြင်းမရှိသေးပါ။ ရွာမှစုပေါင်းလုပ်အားဖြင့် ဆရာ/မများ နေထိုင်ရန် ဝန်ထမ်းအိမ်ယာတစ်လုံးအား ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ပေးထားပါသည်။ ကျောင်းအိမ်သာ အနေဖြင့် အုတ်တိုက်အိမ်သာ(၂)လုံး၊ သစ်သားအိမ်သာ(၂)လုံးရှိပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ သားဖွားဆောင်လည်းရှိပါသည်။ ရွာတွင်းသာမက အခြားပတ်ဝန်းကျင်ကျေးရွာများမှ မွေးလူနာများ လာရောက်မွေးဖွားကြပါသည်။ ကျန်းမာရေး ဆရာမတစ်ဦး၊ ကျန်းမာရေးကြီးကြပ်တစ်ဦးရှိပါသည်။ ဆေးခန်းတွင် ကုတင် (၄)လုံးရှိပါသည်။ ကျေးရွာအုပ်စုနှစ်စုမှ မိခင်နှင့်ကလေးများ လစဉ်ကာကွယ်ဆေးထိုးပေးခြင်းရှိပါသည်။ ကျေးရွာသူ/သား အများစုမှာ ကျန်းမာကြပါသည်။ ရာသီအလိုက်ဖြစ်တတ်သော တုတ်ကွေးရောဂါမှ အပ အခြားရောဂါကြီးများ ဖြစ်လေ့မရှိပါ။ ကျေးရွာတွင်းရှိကလေးများမှာ ကျန်းမာသန်စွမ်းကြပါသည်။ ဆေးပေးခန်းရှိနေသဖြင့် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးပေးပါသည်။ အရေးပေါ်လူနာများအတွက် ဒေါင့်ကြီးတိုက်နယ်ဆေးရုံ (သို့မဟုတ်) ကျောင်းကုန်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူကြရပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိုးဦးကျရာလများတွင် လေပြင်းတိုက်ခတ်လေ့ရှိပါသည်။ နှစ်စဉ်မိုးလယ်ကာလများတွင် ရေကြီးမှုဒဏ် ကို ကြုံတွေ့ခံစားကြရပါသည်။ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓါတုမြေဩဇာများကို အလွန်အကျွံသုံးစွဲလာခြင်းကြောင့် မြေဆီလွှာပျက်ဆီးမှုများ ဖြစ်ပေါ်နေပါသည်။ တောင်သူများအနေဖြင့် ဓါတုဆေးဝါးသုံးစွဲနည်းစနစ်အား သိရှိမှုအားနည်းသောကြောင့်ဖြစ်ပါသည်။ သဘာဝမြေဩဇာ သုံးစွဲနည်းကို သိရှိပြီး စနစ်တကျ သုံးစွဲလာပါက မြေဆီလွှာများပြုံးတီးခြင်းမှ ကာကွယ် နိုင်မည် ဖြစ်ပါသည်။

(၉) ကျား – မ ရေးရာ

ကျား/မရေးရာ ခွဲခြားဆက်ဆံမှုမရှိပါ။ လွတ်လပ်မျှတပြီး တန်းတူအခွင့်အရေး ရရှိပါသည်။ နေ့စားလုပ်အားခတွင်မူ အမျိုးသားများမှာ အမျိုးသမီးများထက် လုပ်အားခပိုမို ရရှိကြပါသည်။ လုပ်အားခပိုမိုရရှိရခြင်းမှာ အမျိုးသားများမှာ ကိုယ်ကာလုပ်အားဖြင့် ပိုမိုလုပ်ကိုင်ရသောကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် လယ်ထွန်ခြင်း၊ ပေါက်တူးပေါက်ခြင်းကဲ့သို့သော လုပ်ငန်းများတွင် အမျိုးသမီးများမှာ မလုပ်ကိုင်နိုင်သောကြောင့်ဖြစ်ပါသည်။ ပဲနှတ်ချိန်တွင် ကျား/မ လုပ်အားခ တန်းတူရရှိကြပါသည်။ လူဦးရေအချိုးအနေဖြင့် ကျေးရွာတွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားအရေအတွက်ထက် ပိုများပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမျိုးသား၊ အမျိုးသမီးတန်းတူ ပါဝင်ဆောင်ရွက် ကြပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်းစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာမီးလင်းရေးစီမံချက်	၂
၃	အခြေခံအဆောက်အဦ	ရေဆင်းတံတားပြန်လည်ပြုပြင်ရေးစီမံချက်	၃
၄	ပညာရေး	ဆရာ/မ လုံလောက်စွာခန့်ထားနိုင်ရေးတင်ပြချက်	၄

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
• မိုးရာသီတွင် ကျေးရွာ ချင်းဆက်လမ်း မှာ သွားလာရ ခက်ခဲ ခြင်း	• မြေသားလမ်း ဖြစ်နေ ခြင်း	• ကျေးရွာမှ ငွေအား၊ လုပ်အား အနည်းငယ် စိုက်ထည့် ပေးနိုင်ခြင်း	• ကျေးရွာချင်းဆက်လ မ်း ပြုပြင်ရန် အရေးဆို မည့် အဖွဲ့အစည်း မရှိခြင်း • ကုန်ကျစရိတ် မတတ် နိုင်ခြင်း	• ပြင်ပအကူအညီရှာဖွေ ခြင်း • ကျေးရွာမှ ငွေအား လုပ်အား စုဆောင်းခြင်း	• ကျေးရွာချင်းဆက် လမ်းအဆင့်မြှင့် တင်ရေး စီမံချက်

• မိုးရာသီကာလတွင် ရေလမ်းကြောင်းမှ ရေယာဉ်များဆိုက်ကပ်ရန် အခက်အခဲများရှိနေခြင်း	• ရေဆင်းတံတားမှာ ကမ်းပြိုသွား၍ ကမ်းမှ အလှမ်းကွာဝေးခြင်း • ရေဆင်းတံတား မှာ သစ်သား တံတား ဖြစ်နေခြင်း	•	• ကျေးရွာမှ ထိရောက်စွာ သက်ဆိုင်ရာဌာနများသို့ တင်ပြနိုင်မှု မရှိသေးခြင်း	• ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနများသို့ တင်ပြခြင်း	ရေဆင်းတံတား ပြန်လည် ပြုပြင်ရေးစီမံချက်
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• လျှပ်စစ်မီးမရရှိသေး ခြင်း	• မဟာဓါတ်အားလိုင်းမှ အလှမ်းဝေးကွာခြင်း	• ကျေးရွာမှ လုပ်အား၊ ငွေအား တတ်အားသရွေ့ ကူညီပေးခြင်း	•	• ကျေးရွာကော်မတီ ဖွဲ့စည်း ၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ကျေးရွာမီးလင်းရေး စီမံချက်
ကဏ္ဍ – ပညာရေး					

• ဆရာ/မ လုံလောက်မှု မရှိခြင်း	• အောင်ချက်ရာနှုန်းတက်လာခြင်း၊ • ကျောင်းသားဦးရေတိုးပွားလာခြင်း • အလယ်တန်းကျောင်းဖြစ်နေခြင်း	•	•	• ပညာရေးဌာနနှင့်ချိတ်ဆက်၍ လိုအပ်သော ဆရာ/မ အင်အားများ တင်ပြတောင်းခံခြင်း	• ဆရာ/မ လုံလောက်စွာ ခန့်အပ်နိုင်ရေး တင်ပြ ချက်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၉	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၀	၁၁	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၇	၂၆	၅၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၁	၄၀	၇၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၄	၁၇၈	၃၇၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၈	၂၄	၄၂
စုစုပေါင်း		**၂၉၆**	**၂၈၈**	**၅၈၄**
စုစုပေါင်း အိမ်ထောင်စု		**၁၅၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေးဆိုင်ရာအချက်အလက်အရ ကျားမအချိုးကွာဟမှု နည်းပါးပါသည်။ (၁)နှစ်အောက် ကလေးငယ် အနည်းငယ်သာရှိပါသည်။ ကလေးမွေးဖွားနှုန်း အသင့်အတင့် သာ ရှိပါသည်။ အလုပ်လုပ် နိုင်သော အရွယ်များပြားပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၃၁၈.၅၆	သင့်	ရ	မြေအောက်ရေ၊ချောင်း
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	၄၁	သင့်	ရ	မြေအောက်ရေ၊မြစ်
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	၄.၅	ညံ့	အနည်းအကျဉ်း	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၃၆၄.၀၆	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား– ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ **လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ လယ်မြေများတွင် မိုးရာသီတွင် ဧကပြည့်မှီအောင် စိုက်ပျိုးနိုင်ကြပြီး ဥယျာဉ်ခြံစိုက်ပျိုးသည်များလည်းရှိပါသည်။ ခြံများ အတွက် အဓိကရေအရင်းအမြစ်မှာ မြေအောက်ရေ ဖြစ်ပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျအပူချိန် - (၂၆.C - ၃၂.C)	ပျမ်းမျ မိုးရေချိန် - (၈၀) လက်မ မှ (၁၀၀)လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဓါတ်သတ္တုထွက်ရှိမှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင် တွင် သဘာဝအတိုင်းပေါက်ရောက်နေကြသော ဆေးဘက်ဝင်ပင် အနည်းအကျဉ်း ရှိပါသည်။ မြွေ၊ ဖား၊ ကင်းလိပ်ချော၊ ငှက် စသော သဘာဝတိရစ္ဆာန်မျိုးစိတ်များကိုလည်း အလွယ်တကူတွေ့ရှိရပါသည်။ ပျမ်းမျ အပူချိန် (၂၆.C - ၃၂.C) ခန့်ရှိပြီး ပျမ်းမျ မိုးရေချိန်(၈၀) လက်မ မှ (၁၀၀)လက်မ ခန့်ထိရရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	မြတ်ပီတိလူမှုကူညီရေး အဖွဲ့	၁□ Â ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်အသင့်အတင့်ကောင်းမွန်ပါသည်။
၂		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၃		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၄		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၅		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်းရှိ မြတ်ဗိတိလူမှုကူညီရေးအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှုအားကောင်းပါသည်။ ကျေးရွာအတွင်းရှိ လူငယ်လူရွယ်များသည် ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် စည်းစည်းလုံးလုံးနှင့် အားတက်သရောပူးပေါင်းဆောင်ရွက် ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၄၀)ဧကမှ (၁၅)ဧကထိ	လယ် (၁၀)ဧကမှ (၅)ဧကထိ	လယ် (၅)ဧကမှ (၁)ဧကထိ	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံသွပ်မိုး	ပျဉ်ထောင်သွပ်မိုး	ဝါးအိမ်သွပ်မိုး	ခနိမိုးထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်ကြီး	ထော်လာဂျီ၊ လက်တွန်း	ဆိုင်ကယ်	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ ကုန်စုံဆိုင်	လယ်၊ ကုန်စုံဆိုင်သေး	ကယ်ရီ၊ရာသီကုန်	လက်လုပ်လက်စား၊ ကျပန်း
အိမ်ထောင်စု	၁၀	၁၅	၂၉	၉၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ (၆.၆၇%)သည်ချမ်းသာအဆင့်၊ (၁၀.၀၀%)သည် အလယ်အလတ်အဆင့်၊ (၁၉.၃၃%)သည် ဆင်းရဲအဆင့်နှင့် (၆၄.၀၀%)အဆင့်သည် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူကြပါသည်။ စီးပွားရေးအဆင့်မှာ အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၆	၅၇.၃၄ %	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်(၁ ဟတ် တာထိ)	၂၆	၁၇.၃၃%	ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ ၅ ကထိ (၂ ဟတ်တာထိ)	၁၈	၁၂%	တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား (၅ဟတ်တာထိ)	၁၄	၉.၃၃%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကအထက် (၅ဟတ်တာနှင့် အထက်)	၆	၄%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၅၀	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ **။**.....

.....

.....

.....

.....

.....

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
မိုးစပါး	၃၁၈.၅၆	တင်း	၅၀	၇၀	၆၀	သင့်
ပဲ	၂၀၀	တင်း	၁၂	၂၀	၁၅	သင့်
ကွမ်း	၂	ပိသာ	၁၅၀	၂၀၀	၁၈၀	သင့်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
နနွင်း	၀.၇၅	ပိသာ	၃၆၀၀	၃၇၅၀	၃၇၀၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးစိုက်ပျိုးဧကများကို စိုက်ပျိုးကြရာတွင် နိုင်ငံတော်၏ သတ်မှတ်ချက် ပျမ်းမျှ အထွက်နှုန်းကို ရရှိရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့နည်းစေပါသည်။ ပဲစိုက်ပျိုးမှု များပြားတိုးတက်လာပြီး စနစ်တကျစိုက်ပျိုးနည်းပညာ သိရှိပါက အကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၂	၆၀
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	–	–
မြည်း	–	–
လား	–	–
ဆိတ်	–	–
သိုး	–	–
ဝက်	၂၀	၃၁
ကြက်	၉၁	၆၂၀
ဘဲ	၂၉	၁၆၇
နွားနောက်	–	–
ငါးလုပ်ငန်း		

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် ဒေသမျိုးရင်း ကြက်၊ ဝက်၊ နွား၊ ဘဲတို့ကို အများဆုံးမွေးမြူ ကြပါသည်။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်လုပ်ကိုင်သော အိမ်ထောင်စု(၁)စုရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေး

+

လုပ်ငန်း လုပ်ကိုင်သူများပြားပါသည်။

၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	၂	၂	၂	လတ်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၁	၁	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁	၁	၁	လတ်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၂	၂	၂	လတ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၉	၉	၉	လတ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	၁	၁	၁	လတ်
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၆	၆	၆	လတ်
၁၃	ကျန်းမာရေး	၃	၃	၃	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	၂	၂	၂	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၇				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျပန်းလုပ်ကိုင်သောအိမ်ထောင်စုအများအပြားရှိပြီး အိမ်တွင်းထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ ဝန်ထမ်းအနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဧယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	**အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောင်းကုန်း	ရန်ကုန်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ Â ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ Â

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စျေးကွက်လက်လှမ်းမီမှု	အနီးဆုံးစျေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားစျေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐Â ကား/ထော်လာကျီ ☐Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ Â လှေ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ Â ရထား ☐ သုံးဘီးဆိုင်ကယ်☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဒေသထွက်ကုန်အများစုကို အနီးဆုံးစျေးကွက်ဖြစ်သော ကျောင်းကုန်းစျေးသို့ ပို့ဆောင်ရောင်းချကြပြီး ကုန်သည်၊ ပွဲစားများဖြင့်လည်း ရောင်းဝယ်ဖောက်ကား ကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☐ Â ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐Â	ပွင့်လင်း ရာသီ☐Â တစ်နှစ်ပတ်လုံး☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☐Â ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐Â ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐Â	ပွင့်လင်း ရာသီ☐Â တစ်နှစ်ပတ်လုံး☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☐Â ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလမ်းများသည် အများစုမှာ မြေသားလမ်းများဖြစ်ကြ၍ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ အဆင့်မြှင့်တင်ပေးရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □Â ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □ Â
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □ Â	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဗာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁၁	-	၄၅	၄၃	-	၈	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ စက်ဘီးများကို ကျောင်းတက်ရာတွင် အသုံးပြုမှုများပြားပါသည်။ ရေလမ်းခရီးအသုံးပြုမှုများပြားသောကြောင့် လှေ၊ သမ္ဗာန်ပိုင်ဆိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။ ဆိုင်ကယ်များရှိသည့်အတွက် မြို့သို့သွားလာရာတွင်အဆင်ပြေလွယ်ကူပါသည်။ ထော်လာကျီများကို သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကထား၍ အသုံးပြု ကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၄၆
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	၆
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၃၇
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၆၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမသွယ်တန်းနိုင်သေးပါ။ ဆိုလာအသုံးပြု သောအိမ်ထောင်စုများရှိကြပါသည်။ လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် လျှပ်စစ်မီးသွယ်တန်းလိုကြပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ထောင်စုများလည်း ရှိနေပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၂၈	၅၁	၅၅

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုများမှာ ဖုန်းအသုံးပြုနိုင်မှုကြောင့် ဆက်သွယ်ရေးမှာကောင်းမွန် ပါသည်။ တီဗွီကို အိမ်ထောင်စုအများစုမှာ အသုံးပြုကြပါသည်။ စလောင်းအသုံးပြုမှုမှာ အသင့်အတင့် ရှိပါသည်။ ဖုန်းဖြင့်အင်တာနက်အသုံးပြုမှုများပြားလာသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရာသီဥတုသတင်း အချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိနေရသဖြင့် အကျိုးကျေးဇူးများစွာရှိနေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၂	၄၉	၁၁၁
အလယ်တန်း	၈၄	၉၆	၁၈၀
အထက်တန်း	၁၆	၇	၂၃
တက္ကသိုလ်/ကောလိပ်	၂	၆	၈

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိသောကြောင့် ကျေးရွာရှိ ကျောင်းသား/သူ များအတွက် ပညာသင်ကြားရေးတွင် အဆင်ပြေပါသည်။ ကျေးရွာတွင်းရှိ ကျောင်းသား/သူ များသာမက အနီးပတ်ဝန်းကျင်မှ ကျောင်းသား/သူများလည်း လာရောက်ပညာသင်ကြားလျက်ရှိနေပါသည်။ အထက်တန်း ပညာပြီးဆုံးသူ အတွင့်အသင့်ရှိပြီး တက္ကသိုလ်တက်နေသူအနည်းငယ်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐Â အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်းအရာ	(၁)			(၂)			(၃)		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် □ Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □Â စက်ဘီး □Â ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၉၀' x ၃၀'= ၂၇၀၀' ၆၀' x ၃၀'= ၁၈၀၀'								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ Â ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □Â			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □ Â ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □Â			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှုမရှိပါ □ Â		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၃	၇	၁၀						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ……

……

……

……

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှံမှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်□ Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□ Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□	မရှိ□ Â
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□ Â	မရှိ□
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ□ Â
၆	တီဘီ	မြင့်□	နိမ့်□Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်□ Â	မရှိ□
၈	သွေးတိုး	မြင့်□ Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□ မရှိ□Â	နိမ့်□	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□ မရှိ□Â	နိမ့်□	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

.....

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ Â ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐ Â
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐ Â	ရှိ ☐Â မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

လေ့လာတွေ့ရှိချက်။ ။ ……
……

……

……

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၂၁	ကောင်း□ သင့်□ Â ညံ့□	လုံလောက်ပါသည်။
အဝီစိတွင်း/ စက်တပ်	၁၃	ကောင်း□ သင့်□ Â ညံ့□	လုံလောက်ပါသည်။
အဝီစိတွင်း/ တုံကင်	၉၆	ကောင်း□ သင့်□ Â ညံ့□	လုံလောက်ပါသည်။
မိုးရေ သိုလှောင်ကန်	-	ကောင်း□ သင့်□ ညံ့□	-
မြစ်/ချောင်းရေ	၃၂	ကောင်း□ သင့်□ Â ညံ့□	လုံလောက်ပါသည်။
ရေကန်	-	ကောင်း□ သင့်□ ညံ့□	-
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း၊ ရေတုံကင်၊ အဝီစိတွင်းများမှ သောက်သုံးရေကို တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိနေပါသည်။ ရေတွင်းအချို့သာ နွေအခါတွင် ရေအမှတ် ကျသွားသည်များ ရှိသော်လည်း ရေရှားပါးပြတ်လပ်သည်အထိ မရှိခဲ့ပါ။ မြစ်၊ချောင်းရေ အသုံးပြုသော အိမ်ထောင်စုများလည်း ရှိပါသည်။ ရေကောင်းရေသန့်ရရှိသောကြောင့် ကျန်းမာရေးနှင့် အထူးညီညွတ်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၁၅၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံးအသုံးပြုကြပါသည်။ ယင်လုံအိမ်သာအသုံး ပြုမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများဖြစ်ပွားမှု အလွန်နည်းပါး ကြောင်း တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	ရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	ရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	ရှိ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးတွင်းအခါကာလများတွင် ရေကြီးမှုမှာနှစ်စဉ်ခံစားနေရပြီး အချို့သော အိမ်ထောင်စုများမှာ အစားအစာပြောင်းလဲစားသုံးကြရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာအချဉ်ပေါက်ခြင်း
အပင်မျိုးစိတ်များ	လတ်	ပိုးမွှားအန္တရာယ်ကျရောက်ခြင်း
ရေအရင်းအမြစ်	-	-
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေဩဇာများအသုံးပြုမှု များပြားလာသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်းများ ဖြစ်တတ်ပါသည်။ စပါးစိုက်ခင်းများမှာ ပိုးကျမှုအန္တရာယ်မှာမြင့်တက်လျက်ရှိနေပြီး ပိုးမွှားအန္တရာယ် ကာကွယ်နည်းစနစ်များ သိရှိပါက သီးနှံအထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☐ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ	ရှိ ☐ Â	မရှိ ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
	ပါဝင်ဆောင်ရွက်မှု		

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများတွင်သာ ခေါင်းဆောင်မှုများပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပါသည်။

ကွင်းဘောကျေးရွာ၊ ဒေါင့်ကွေးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအုန်းဌေးဦး	ဦးမောင်မောင်သန်း	၁၄/ကကန(နိုင်)၀၀၀၄၅၉	၄၈	ဥက္ကဋ္ဌ	၀၉-၇၉၂၇၆၇၇၂၅၆
၂	ဦးသိန်းလွင်	ဦးထွန်းသိန်း	၁၄/ပသန(နိုင်)၀၆၇၅၃၃	၅၂	အတွင်းရေးမှူး	၀၉-၉၆၀၃၀၄၀၀၃
၃	ဦးတင်အုန်း	ဦးရာမာန်	၁၄/ကကန(နိုင်)၀၄၆၇၆၅	၆၂	စာရင်းကိုင်	၀၉-၇၇၆၃၉၁၆၃၆
၄	ဒေါ်မိုးမိုးဝေ	ဦးကျင်အန်း	၁၄/ကကန(နိုင်)၀၀၄၅၄၂	၄၉	ဘဏ္ဍာရေးမှူး	-
၅	ဦးကျော်လွင်	ဦးခင်ငြိမ်း	၁၄/ကကန(နိုင်)၁၀၂၇၁၂	၄၂	သေ့ကိုင်(၁)	-
၆	ဦးမင်းစိုး	ဦးသန်းငွေ	၁၄/ခရန(နိုင်)၀၉၀၃၀၂	၄၅	သေ့ကိုင်(၂)	၀၉-၇၉၂၁၈၂၉၄၆
၇	ဦးဝင်းရီ	ဦးသူငယ်	၁၄/ကကန(နိုင်)၀၇၄၇၇၁	၆၆	အဖွဲ့ဝင်	-
၈	ဦးကျော်ဆန်း	ဦးသောင်းရှိန်	၁၄/ကကန(နိုင်)၀၃၉၅၁၇	၄၅	အဖွဲ့ဝင်	-
၉	ဦးမြတ်သူရလွင်	ဦးကြည်လွင်	၁၄/ကကန(နိုင်)၁၀၂၇၁၇	၃၁	အဖွဲ့ဝင်	၀၉-၇၈၀၄၈၄၇၆၆
၁၀	ဦးထွန်းနု	ဦးမောင်စော	၁၄/ကကန(နိုင်)၀၇၄၇၉၅	၄၂	အဖွဲ့ဝင်	၀၉-၇၉၄၃၈၈၂၇၃
၁၁	ဒေါ်မော်မော်ကြည်	ဦးမောင်မောင်သန်း	၁၄/ကကန(နိုင်)၁၂၇၀၇၉	၄၀	အဖွဲ့ဝင်	-